# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၁)
## နိုင်ငံတကာသို့ သိကြားစေ သက်သေညွှန်း

အာဏာရှင် အုပ်ချုပ်မှုစနစ်ကနေ ဒီမိုကရေစီကို အသွင်ကူးပြောင်းရာမှာ ဖြစ်စေ၊ ဒီမိုကရေစီကို အခြေခံခိုင်အောင်၊ ကြိုးပမ်းအားထုတ်ရာမှာဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ တရားစီရင်ရေးစနစ်ကို ဘယ်လိုအကောင်အထည်ဖေါ်မယ်ဆိုတဲ့အချက်ဟာ အင်မတန် အရေးကြီးလှပါတယ်။

နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ အာဏာရှင်စနစ်အုပ်ချုပ်မှုကို ခိုင်မြဲအောင်အားထုတ်ထားတာဖြစ်တဲ့အတွက် တရားစီရင်ရေးဟာ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးမယ့် သမတရဲ့လက်ထဲကို ဝကွက် အပ်ထားတာတွေ့နိုင်ပါတယ်။ ထိုင်းနိုင်ငံရဲ့ တရားစီရင်ရေးဟာ ထိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုကြောရိုးပြုပြီး မျက်စိရှေ့မှောက်မှာတင် အံ့သြစရာကောင်းလောက်အောင် လွတ်လပ်အားကောင်းလာတာ တွေ့ရပေမယ့် မြန်မာနိုင်ငံမှာတော့ လွတ်လပ်အားကောင်းတဲ့ တရားစီရင်ရေး ပေါ်ပေါက်လာရေးအတွက် လှုပ်ရှားမှုတွေတောင် သိသိသာသာ ပေါ်မလာသေးဘူးလို့ ပြောနိုင်ပါတယ်။

တရားစီရင်ရေးကို အာဏာရှင်လက်အောက်မှာထားဘို့ ကြိုးစားတာကို မကြေနပ်တဲ့အတွက် တရားသူကြီးချုပ်ကိုယ်တိုင်နဲ့ ဥပဒေသမားတွေ၊ ရှေ့နေတွေက ဝိုင်းဝန်းဆန့် ကျင်တိုက်ပွဲဝင်ခဲ့ကြတဲ့ အာရှတိုက်က နိုင်ငံတခုအကြောင်းကို ယခုအပတ် တင်ပြပါမယ်။ အဲဒါကတော့ ၁၉၉၉ ခုနှစ်မှာ အာဏာသိမ်းပြီးတက်လာတဲ့ ဗိုလ်ချုပ်ကြီး မူရှရပ်ရဲ့ အာဏာရှင်အုပ်ချုပ်မှုအောက်မှာရှိနေတဲ့ ပါကစ္စတန်နိုင်ငံ ဖြစ်ပါတယ်။

ပါကစ္စတန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရုံးချုပ်တရားသူကြီးတွေကို ရာထူးတာဝန်ကနေ ဖယ်ရှားခြင်တယ်ဆိုရင် တရားစီရင်ရေးဆိုင်ရာ အမြင့်ဆုံးကောင်စီကနေ အတွင်းပိုင်း လုပ်ထုံးလုပ်နည်းတွေနဲ့ အညီ စနစ်တကျ စုံစမ်းစစ်ဆေးပြီးမှ ဆောင်ရွက်ရတာ ဖြစ်တယ်။ ဒီလိုစီစဉ်ထားရှိတာဟာ တရားစီရင်ရေးရဲ့ လွတ်လပ်တဲ့အခြေခံကို ကာကွယ်ထိမ်းသိမ်းဘို့၊ တရားရုံးချုပ်တရားသူကြီးတွေကို လွယ်လင့်တကူ အရေးယူခွင့်မရနိုင်စေဘို့ ဖြစ်ပါတယ်။ တရားစီရင်ရေးရဲ့ လွတ်လပ်တဲ့အခြေခံကို ဖျက်ဆီးပြီး တရားရုံးချုပ်ကို သူ့လက်အောက်မှာ ထားခြင်တဲ့ သမတ ဗိုလ်ချုပ်ကြီး မူရှရပ်ဟာ ပါကစ္စတန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပါတယ်။ ၂၀၀၇ ခုနှစ် မတ်လ (၉) ရက်နေ့မှာ တရားသူကြီးချုပ် အစ်ဖ်တီကာ ချောင်ဒူရီကို သူ့ရဲ့ သမတရုံးကိုခေါ်ယူပြီး ရာထူးတာဝန်ကနေ ဖယ်ရှားလိုက်တယ်။ အဲသလို ဖယ်ရှားရတဲ့ လတ်တလောအကြောင်းအချက်ကတော့ မူရှရပ်ဖ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ဖိနှိပ်ရက်စက်မှုတွေကြောင့် ပြည်သူလူထု ငါးရာကျော်ပျောက်ဆုံးတဲ့မှုခင်းကြီးကို တရားရုံးချုပ်က စုံစမ်းဖေါ်ထုတ်ဘို့ ကြိုးစားလို့ ဖြစ်ပါတယ်။ တနည်းအားဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာရဲ့ မဟုတ်မတရားလုပ်မှုတွေကို တရားစီရင်ရေးကတက်တက်ကြွကြွ အရေးယူဆောင်ရွက်ဘို့ ကြိုးစားလာမယ့်ခြေလှမ်းကို မူရှရပ်ဖ်က ရိုက်ချိုးလိုက်တာပါဘဲ။

တရားသူကြီးချုပ် ချောင်ဒူရီကို ရာထူးကဖြုတ်လိုက်ရုံသာမက အိမ်မှာပါ အကျယ်ချုပ်ချထားလိုက်တယ်။ ဒီသတင်းဟာ တောမီးပမာ ပါကစ္စတန်ပြည်တွင်း တနိုင်ငံလုံးကိုသာမက နိုင်ငံတကာကိုပါ တမဟုတ်ခြင်းပျံ့နှံ့သွားတယ်။ အံ့သြစရာကောင်းတဲ့တုန့်ပြန်မှုကို သမတ ဗိုလ်ချုပ်ကြီးမူရှရပ် မျက်ဝါးထင်ထင်တွေ့ လိုက်ရတယ်။ အဲဒါကတော့တနိုင်ငံလုံးမှာရှိတဲ့ ရှေ့နေအသင်းတွေအများစုဟာ တရားသူကြီးချုပ် ချောင်ဒူရီကို ထောက်ခံရပ်တည်ကြပြီး သောင်းနဲ့ချီတဲ့ ရှေ့နေတွေဟာ တရားရုံးဝတ်စုံ ကုတ်အင်္ကျီအမဲကြီးတွေဝတ်ပြီး လမ်းပေါ်ထွက်ဆန္ဒပြကြတယ်။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်အတွက် ဥပဒေသမားတွေ၊ ရှေ့နေကြီးတွေကိုယ်တိုင် ခြိမ့်ခြိမ့်သဲသဲ လမ်းပေါ်ထွက်တောင်းဆိုတိုက်ပွဲဝင်ကြတဲ့နေရာမှာ ပါကစ္စတန်ဟာ ကမ္ဘာမှာစံထားလောက်တဲ့ တိုင်းပြည်တခုဖြစ်သွားပြီလို့ပြောနိုင်ပါတယ်။ ရှေ့နေကြီးတွေဟာ ပြည်နယ်တိုင်းလိုလိုမှာ တရားရုံးတွေရဲ့ပတ်လည်မှာ လက်ခြင်းချိတ်တွဲ၊ လူသံကြိုးကွင်းဆက်တွေပုံစံမျိုးတွေ ဖန်တည်းပြီး လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို ကာကွယ်မယ်ဆိုတဲ့ သံဒိဌာန်ကို ပြသကြတယ်။

တရားသူကြီး တဒါဇင်လောက်နဲ့ အစိုးရဥပဒေအရာရှိ အမြောက်အများဟာ တရားသူကြီးချုပ်ချောင်ဒရီကို ထောက်ခံတဲ့အနေနဲ့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဘို့ ငြင်းပယ်ကြတယ်။ လက်ရှိရာထူးတာဝန်တွေကနေ နုတ်ထွက်သွားကြတယ်။ ပါကစ္စတန်ရှေ့နေကြီးများကောင်စီကနေ ပါကစ္စတန် သတင်းစါဆရာများ သမဂ္ဂ၊ ဆေးပညာရှင်များ

အစည်းအရုံး၊ ဆေးကောင်စီ၊ ပိသုကာပညာရှင်များကောင်စီ၊ စါရင်းကိုင်ပညာရှင်များ အသင်းစတာတွေကို မေတ္တာရပ်ခံချက်ထုတ်ပြန်ပြီး တရားစီရင်ရေး လွတ်လပ်မှုအတွက် ပူးပေါင်းတိုက်ပွဲဝင်ကြဘို့ ပန်ကြားတယ်။ ပက်ရှဝါမြို့မှာ ရှေ့နေကြီးတွေရဲ့ ညီလာခံတရပ်ကျင်းပကြပြီး မူရှရပ်ကို ပါကစ္စတန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆) အရ နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုနဲ့ အရေးယူဘို့၊ ရာထူးကနေချက်ခြင်း ထွက်ပေးဘို့တောင်းဆိုကြတယ်။ တရားသူကြီးတွေ၊ ဥပဒေပညာရှင်တွေ၊ ရှေ့နေကြီးတွေကိုယ်တိုင်က အာဏာရှင် စစ်ဗိုလ်သမတ မူရှရပ်ကို ပြတ်ပြတ်သားသား ဆန့်ကျင် ရပ်တည်ပြလိုက်တဲ့အခါမှာ မူရှရပ်ထွက်သွား၊ မူရှရပ်ထွက်သွားဆိုတဲ့ လူထုရဲ့တောင်းဆိုသံတွေဟာ ပါကစ္စတန်မှာ အဲဒီအချိန်ကစပြီး သိသိသာသာ ကျယ်လောင်မြည်ဟီးလာပါတယ်။

၂၀၀၈ ခုနှစ် ဩဂုတ်လ ဒုတိယအပတ်အတွင်းမှာတင်ဘဲ ပါကစ္စတန်မှာ အာဏာရနိုင်ငံရေးပါတီတွေ စုပေါင်းပြီး သမတ ဗိုလ်ချုပ်ကြီး မူရှရပ်ကို လွှတ်တော်ထဲမှာ အယုံအကြည်မရှိအဆိုတင်သွင်းပြီး ဖြုတ်ချဘို့ကြိုးစားသွားမယ့် အကြောင်းထုတ်ပြန် ကြေငြာလိုက်ပါတယ်။ ပါကစ္စတန်မှာ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ကို ဖျက်ဆီးမယ့်အာဏာရှင်စစ်ဗိုလ်သမတရဲ့ နိုင်ငံရေးအာဏာ နိဂုံးကမ္ပတ် အဆုံးသတ်ဘို့ လမ်းကြောင်းပေါ်လာပြီလို့ ပြောရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးရပြီး သည်ဘက်ခေတ်မှာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ အညီ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်တရပ် ထီးထီးမားမား ပေါ်ခဲ့ဘူးပါတယ်။ ၁၉၄၇ခုနှစ် အခြေခံဥပဒေထဲမှာ ပြည်သူလူထုအတွက်တဦးချင်း အခြေခံအခွင့်အရေးတွေကို အားကောင်းကောင်းပြဋ္ဌာန်းထားခဲ့တာရယ်၊ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ကို တည်ဆောက်နိုင်ခဲ့တာရယ်တို့ကြောင့် မြန်မာနိုင်ငံသားတွေ ဂုဏ်တက်ခဲ့ရတဲ့ ခေတ်လည်းဖြစ်ခဲ့တယ်။ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေကို ဖမ်းဆီးမှုတွေရှိခဲ့တဲ့အခါတိုင်းမှာ တရားလွှတ်တော်ချုပ်ကနေ ဟေးဘီးယပ်စ် ကောပတ်စ်လို့ခေါ်တဲ့ ရှေ့တော်သွင်း စါချွန်တော်အမိန့်ကို ထုတ်ပြန်ပြီးပြန်လွှတ်ပေးခဲ့တဲ့အတွက် ထိုစဉ်က အာဏာရ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ညီးညူခဲ့ရကြောင်း မှတ်တမ်းတွေရှိခဲ့တယ်။

၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ တရားလွှတ်တော်ချုပ်ရဲ့ စါချွန်တော်ထုတ်ပြန် ပိုင်ခွင့်အာဏာတွေကို ရုပ်သိမ်းပြီး တရားလွှတ်တော်ချုပ်ကနေ တရားရုံးချုပ်အဖြစ်ကို အဆင့်လျှော့ချလိုက်ပါတယ်။ အထူးသဖြင့် ဒေါက်တာမောင်မောင်ကို တရားရုံးချုပ်ရဲ့ တရားသူကြီးချုပ်အဖြစ် ခန့်အပ်လိုက်တဲ့အချိန်ကစလို့ တရားရုံးချုပ်ဟာ အဆိပ်မရှိတော့တဲ့ မြွေလိုဖြစ်သွားခဲ့တယ်။ အစိုးရ အာဏာပိုင်တွေရဲ့ လုပ်ဆောင်ချက်တွေအပေါ် ဘာတခုမ မကြီးကြပ်နိုင်တော့ရုံသာမက **ဥပဒေက မည်သို့ပင် ဆိုစေကာမူ** ---- ဆိုတဲ့ စကားလုံးကို အပ်ကြောင်းထပ်အောင် သုံးပြီး တရားရုံးချုပ်ဟာ အစိုးရရဲ့မူဝါဒတွေကို လက်တွေ့အကောင်အထည်ဖေါ်ပေးရတဲ့ ယန္တယားတရပ်အဖြစ်သာ ရပ်တည်ခဲ့ရတယ်။

မြန်မာနိုင်ငံမှာ မဆလကြီးစိုးခဲ့တဲ့ ခေတ်တလျှောက်လုံးမှာ တရားရုံးချုပ်ဟာ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ လက်အောက်ကို ဦးခေါင်းလျှိုးပြီး ဝင်လိုက်ရပေမယ့် ဘားကောင်စီလို့ခေါ်တဲ့ ရှေ့နေအသင်းချုပ်ကြီးကတော့ သူ့ရဲ့ လွတ်လပ်မှုကို အတိုင်းအတာအများဆုံး ဆက်လက်ထိမ်းသိမ်းထားနိုင်ခဲ့တယ်။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို ထိမ်းသိမ်းတဲ့နေရာမှာ တရားစီရင်ရေးပိုင်ဆိုင်ရာလို့ခေါ်တဲ့ Judiciary သက်သက်နဲ့ မရနိုင်ဘူးဆိုတာကို တကမ္ဘာလုံးက လက်ခံကြရတယ်။ "Bar and Bench" ဆိုတဲ့စကားလုံးကို ဥပဒေလောကသားတိုင်း လက်ခံအသိအမှတ်ပြုကြရတယ်။ ဘားဆိုတာ ရှေ့နေအသင်းကြီးကို ရည်ညွှန်းတာဖြစ်ပြီး၊ ဘင့်ချ် ဆိုတာကတော့ တရားရုံးကိုရည်ညွှန်းတာဖြစ်တယ်။ ရှေ့နေအသင်းကြီးနဲ့ တရားရုံးဟာ အပြန်အလှန်အပေးအယူ မျှမျှတတပြုပြီး လွတ်လပ်တဲ့ တရားစီရင်ရေးကို ထောက်ကူဖေးမသွားဘို့ကို ဆိုလိုတာပါဘဲ။

ဘားကောင်စီလို့ခေါ်တဲ့ ရှေ့နေအသင်းချုပ်ကြီးဟာ မဆလ ခေတ်တလျှောက်လုံး မိမိရဲ့လွတ်လပ်မှုကို ထိမ်းသိမ်းထားခဲ့ရုံ သာမက ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအုံကြွမှုကြီးမှာလည်း ဦးဆောင်တဲ့အခန်းကဏ္ဍ ကနေပါဝင်ခဲ့တာကြောင့် ပြည်သူလူထုရဲ့ လေးစါးမှုကို ခံယူခဲ့ရတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အာဏာသိမ်း စစ်အစိုးရရဲ့ အညိုးထားမှုကို ခံခဲ့ရတာကြောင့် အခုအချိန်မှာ ရှေ့နေအသင်းချုပ်ကြီးရဲ့ လွတ်လပ်မှုကို တစစီဖျက်ဆီးခြင်း ခံလိုက်ရပြီလို့ ပြောနိုင်တယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ လွတ်လပ်တဲ့ ဝါရင့်ရှေ့နေကြီးတွေကသာ ရှေ့နေအသင်းချုပ်ကြီးရဲ့ နေ့စဉ်လုပ်ငန်းတွေကို လက်တွေ့ဦးဆောင်မှု ရယူခဲ့တယ်။ အခုတော့ ဒီစနစ်ကို

လုံးဝဖျက်သိမ်းလိုက်ပြီး စစ်အစိုးရက ခန့်အပ်ထားတဲ့ ဝန်ထမ်းတွေကသာ ရှေ့နေအသင်းကြီးရဲ့ ဦးဆောင်မှုကို ပြောင်ပြောင်တင်းတင်း ရယူချယ်လှယ်နေပါတော့တယ်။

ဘားကောင်စီလို့ခေါ်တဲ့ ရှေ့နေအသင်းကြီးရဲ ့လွတ်လပ်တဲ ့အသွင်လက္ခဏာတွေ လုံးဝပျောက်ကွယ်နေသလို တရားရုံးချုပ်တရားသူကြီးချုပ်တွေဟာလည်း စစ်ဗိုလ်ချုပ်တွေ ခိုင်းတာလုပ်ပေးရတဲ့ စါရေးကြီးသာသာ ဘဝကိုသာ ကျရောက်နေပါတော့တယ်။ တရားရုံးချုပ် တရားသူကြီးချုပ်တွေကို ခန့်တဲ့၊ ဖြုတ်တဲ့နေရာမှာ အသုံးပြုဘို့ ဘယ်လို ဥပဒေ တခုတလေမျှ ပြဌာန်းလိုက်နာခြင်းမရှိဘဲ ခန့်ခြင်တဲ့သူကို ခန့်ခြင်တဲ့အချိန်မှာ ခန့်နေသလို၊ အနားယူခွင့်ပေးလိုက်သည်ဆိုတဲ့ စကားလုံးကို ရေလဲနဲ ့သုံးပြီး ဖြုတ်ခြင်သလို ဖြုတ်နေတာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကစလို့ ယနေ့အထိ ခေတ်အဆက်ဆက်မှာ ဒီ အချိန်လောက် တရားရုံးရဲ့ဂုဏ်သိက္ခာညှိုးမှိန်တာ၊ စစ်ဗိုလ်တွေ ခိုင်းသမျှ နာခံနေရတာ သမိုင်းမှာ မရှိခဲ့ပါဘူး။

နအဖရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအသက်ဝင်လာရင်ရော ဒီအခြေအနေတွေ တိုးတက်ကောင်းမွန်လာဘို့ ရှိသလားလို့ လေ့လာကြည့်ဘို့ လိုမှာပါ။ တိုးတက်လာဘို့တော့ တစွန်းတစမျှ မရှိနိုင်။ ပိုပြီး ဆုတ်ယုတ်သွားဘို့ သာရှိမယ်လို့ အတိအကျပြောနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မြန်မာနိုင်ငံမှာ ပေါ်ခဲ့ဘူးသမျှ ဖွဲ့စည်းပုံအခြေခံဥပဒေတွေအားလုံးထဲမှာ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲစည်းပုံအခြေခံဥပဒေဟာ အုပ်ချုပ်ရေးအာဏာပိုင်တွေကို တဘက်ကအခွင့်အာဏာပေးအပ်ထားမှု အမြင့်ဆုံးဖြစ်တယ်။ အခြားတဘက်ကတော့ တရားသူကြီးတွေကို ကြိုက်သလို ခန့်ခွင့်ဖြုတ်ခွင့်ပေးထားတဲ့ အနေအထားကို အုပ်ချုပ်ရေးအာဏာပိုင်လက်ထဲမှာ အပ်နှင်းထားလို့လည်း ဖြစ်ပါတယ်။

လူထုအခွင့်အရေးကို ကာကွယ်ဖေါ်ဆောင်ပေးမယ့် လွတ်လပ်တဲ့တရားစီရင်ရေးကို ရေးရေးတောင်မှ မမြင်ရဘူးဆိုရင် ဘာကိုမြော်ကိုးပြီး နာဂစ် ဖွဲ့စည်းပုံလမ်းကြောင်းအတိုင်း မြော်လိုက်စရာ အကြောင်းရှိပါသလဲ။ နာဂစ်ဖွဲ့စည်းပုံကို တနည်းမဟုတ် တနည်းနဲ့ လက်ခံဘို့စည်းရုံးပြောဆိုမယ့် အလားအလာရှိတဲ့ ဂမ်ဘာရီ အပါအဝင် နိုင်ငံတကာက မည်သူ့ကိုမဆို လူထုအနေနဲ့ ရှင်းရှင်းပြတ်ပြတ်မေးမြန်း သဘောထားပေးဘို့ အချိန်ရောက်ပါပြီ။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို မတည်ဆောက်နိုင်ဘဲ ဘယ်တိုင်းပြည်မှာ ဒီမိုကရေစီ ရဘူးသလဲလို ့။ တောင်ကိုရီးယားနိုင်ငံမှာ အာဏာရှင်စစ်ဗိုလ်ချုပ်ကြီး ပတ်ချုံဟီး အာဏာကလက်လွှတ်လိုက်ရတဲ့ ပြဿနာရဲ့အစမှာ လွတ်လပ်တဲ့ တရားစီရင်ရေးဖြစ်တယ်ဆိုတာ လေ့လာဘူးပါသလားလို့ ။ ပါကစ္စတန်နိုင်ငံမှာ စစ်ဗိုလ်သမတကြီးကို ဆန့်ကျင်ပြီး လွတ်လပ်တဲ့ တရားစီရင်ရေးအတွက် တိုက်ပွဲဝင်နေကြတာကို သတိပြုမိပါသလားလို့။ ထိုင်းနိုင်ငံမှာ လွတ်လပ်ပြီး အားကောင်းတဲ့ တရားစီရင်ရေးကို အစိုးရရော လူထုကပါ လေးစါးအားကိုးလာရတာ သိပါသလားလို့ ။

လူထုကသာ တကယ်လက်မခံဘူးဆိုရင် မိုးအောက်မြေပြင်မှာ ဘာတခုမျှ မတည်ရှိနိုင်ပါဘူး။ လူထုက တကယ်လက်မခံကြောင်း ကမ္ဘာသိပြနိုင်မယ်ဆိုရင် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေသာမက အဲဒီ ဥပဒေကိုမွေးထုတ်ပေးတဲ့ စစ်ဗိုလ်ချုပ်တစုပါ မိုးအောက်မြေပြင်ကနေ ပျောက်ကွယ်သွားမှာဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။